KACHIN ALLIANCE

contact@kachinalliance.org

၂၀၁၂-ခု စက်တင်ဘာလ (၁၆) ရက်၊

ခင်မင်လေးစားအပ်ပါသောဒေါ်အောင်ဆန်းစုကြည် -

အမေရိကန်ပြည်ထောင်စုတွင်ရောက်ရှိနေသော ကချင်တိုင်းရင်းသားမိသဟာရအဖွဲ့မှ နွေးထွေးစွာကြိုဆိုပါ သည်။ အမေရိကန်ကွန်ဂရက်လွှတ်တော်မှ ချီးမြှင့်သောဆုတံဆိပ်ကို လက်ခံရယူရန်ရောက်ရှိလာခြင်းဖြစ်သဖြင့် အထူးဂမ်းမြောက်ဂုဏ်ယူမိကြပါသည်။

ကချင်တိုင်းရင်းသားများအနေဖြင့် ဤဂမ်းမြောက်ဂုဏ်ယူဖွယ်အခမ်းအနားတွင် ပါဝင်နိုင်ခြင်း မရှိကြောင်း ပြောကြားလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် လက်ရှိကာလ ကချင်ပြည်နယ်တွင်ရှိသော မိမိတို့၏ ဆွေမျိုးသားချင်းများ၏ လျစ်လျူရှုခံနေရသောဆင်းရဲဒုက္ခများကို သတိချပ်မိပါသည်။ မိမိတို့အားလုံး ဂမ်းနည်း ပူဆွေးသောကများ ဖိစီးမှုဖြင့် ကြေကွဲလျက်ရှိနေချိန် ဖြစ်ပါသည်။ နေ့စဉ်ရက်ဆက်ဖြစ်ပွားနေသော စစ်မက်ဘေးဒဏ် ကြောင့် မိမိတို့၏ ကချင်လူမျိုးများ သောင်းနှင့်ချီ၍ နေရပ်စွန့်ခွာပြောင်းရွှေ့နေရသည့် ကာလလည်း ဖြစ်ပါသည်။ နေ့စဉ် အကြောက်တရားများ၊ မရေရာမှုများနှင့် ရင်ဆိုင်နေရပြီး၊ အခြေခံကျသော လူသားချင်းစာနာမှု အထောက်အပံလည်း လိုအပ်လျက်ရှိပါသည်။ တရုတ်နိုင်ငံအာဏာပိုင်များက နယ်စပ်တွင် ခိုလှုံနေကြရသော ဒုက္ခသည်စခန်းများမှ ဒုက္ခသည်များကို စစ်မက်ဒေသသို့ အတင်းအဓမ္မပြန်လည် ပို့ဆောင်ခြင်းကိုလည်း ခံနေရပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အုပ်ချုပ်မှုနယ်ပယ်တွင်ရှိသော ခရစ်ယာန်ဘုရားရှိခိုး ကျောင်းများ၏ အရိပ်အာဂါသတွင် ခိုလှုံနေသောဒုက္ခသည်များပင်လျင် လူ့အခွင့်အရေး ချိုးဖောက်ခံနေရပါသည်။ ဤသို့သောအခြေအနေများတွင် မိမိတို့အနေဖြင့် ဂမ်းမြောက်ပျော်ရွှင်ရန်မှာ မည်သို့မျှ ဆီလျော် အပ်စပ်ခြင်း မရှိပါ။

အများ၏ယုံကြည်ကိုးစားမှုခံရသော ဒေါ်အောင်ဆန်းစုကြည်၏ဖခင် အမျိုးသားလွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းအား အမှူးပြု၍ ဒေါ်အောင်ဆန်းစုကြည်၏ကျင့်ဝတ်သိက္ခာခွန်အား၊ နိုင်ငံတကာမှ အသိအမှတ်ပြုထားသောဂုဏ်ဒြပ်၊ လွှတ်တော်တွင် အင်အားကြီးမားသော အတိုက်အခံခေါင်းဆောင်တစ်ဦး ဖြစ်ခြင်း၊ တရားဥပဒေစိုးမိုးရေးရာကော်မတီဥက္ကဌဖြစ်ခြင်းတို့ကို အမှီပြု၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့် အရေးများအတွက် တက်ကြွစွာလှုပ်ရှားဆောင်ရွက်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

တန်းတူအခွင့်အရေးရမည်ဟုပြောခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ ကတိကဝတ်အပေါ် ယုံကြည်ခဲ့၍သာ မိမိတို့၏ဘိုးဘေးများအနေဖြင့် မြေပြန့်ဗမာတိုင်းရင်းသားများနှင့် လက်တွဲ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းတည်ထောင်ရန် ဆုံးဖြတ်ရွေးချယ်ခဲ့ကြခြင်းဖြစ်ပါသည်။ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ် အပေါ်တွင်

သစ္စာရှိစွာဖြင့် လွတ်လပ်ရေးရပြီးကာလတွင် ပေါ်ပေါက်လာခဲ့သော ပုန်ကန်ထကြွမှုအမျိုးမျိုးတို့၏ ခြိမ်းခြောက်မှု ဘေးအန္တရာယ်ကို အခြားတောင်တန်းဒေသတိုင်းရင်းသားရဲဘော်များနှင့်အတူ ရဲပုံ့စွာတွန်းလှန်ခြင်းအားဖြင့် ပြည်ထောင်စုကြီးပြိုကွဲမည့်အရေးကိုလည်း ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခဲ့ကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသောဝန်ကြီးချုပ်ဦးနုမှလည်း ကချင်ပြည်နယ်နေ့ မိန့်ခွန်းများတွင် အထက်ဖော်ပြပါအချက်များကို အလေးထား၍ ကျေးဇူးတင်စကား အမြဲတစေပြောကြားခဲ့ပါသည်။

အထက်ပါအချက်များကိုထောက်ရှု၍ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အောက်ပါကိစ္စရပ်များတွင် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁။ စစ်မှန်ပီပြင်သောငြိမ်းချမ်းရေး ရရှိစေရန်။ အပစ်အခတ်ရပ်စဲရုံမျှဖြင့် ငြိမ်းချမ်းရေးပန်းတိုင်သို့ ရောက်ရှိမည် မဟုတ်ပါ၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ရေး ကိုဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရန်၊

၂။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ပြေးဒုက္ခသည်များအတွက် လိုအပ်သော ပြည်တွင်းပြည်ပ အထောက်အပံ့များ လွတ်လပ်စွာပံ့ပိုးကူညီနိုင်ရန်၊

၃။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အင်အားကို ရယူကာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းအတွက် အသုံးပြုနေသောစစ်အသုံးစရိတ်များကို တားဆီးပေးရန်၊

၄။ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂလေ့လာစောင့်ကြည့်ရေး အဖွဲ့ (သို့မဟုတ်) စေ့စပ်ညှိနှိုင်းရေးအဖွဲ့များ အနေဖြင့် စစ်မက်ဖြစ်ပွားနေသောဒေသများနှင့် စစ်ပြေး ဒုက္ခသည်စခန်းများတွင် အချိန်မရွေးသွားရောက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

၅။ မြစ်ဆုံဆည်နှင့်အတူ ချီဖွေဆည်ကဲ့သို့သော ရေဝေတီမြစ်ဖျားများတွင် တည်ဆောက်ရန်ရှိသော အခြားဆည် (၆) ခုအား ယာယီရပ်ဆိုင်းရုံသာမကပဲ လုံးဝဆောက်လုပ်ခြင်းမပြုတော့ရန်၊

ဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်းသည် ကံအကြောင်းမလှသဖြင့် ဆောလျင်စွာ ကွယ်လွန်သွားသဖြင့် တိုင်းရင်းသားများအတွက် ပေးအပ်ထားသောကတိစကားကို အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပါ။ ဤကဲ့သို့ ပင်လုံ ကတိကဝတ်တွင်ပါရှိသော တိုင်းရင်းသားများ၏ အခွင့်အရေးများကို ငြင်းပယ်ခံရခြင်းသည် ယခုလက်ရှိ ဖြစ်ပွားနေသောပဋိပက္ခများ၏ အခြေခံအကြောင်းရင်း ဖြစ်ပါသည်။ သို့ပါ၍ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏သမီး ပီသစွာ တိုင်းရင်းသားများ၏ ရပိုင်ခွင့်များအတွက် မားမားမတ်မတ် ရပ်တည်ကြိုးပမ်းဆောင်ရွက်ပေးသွားပါရန် အလေးအနက် မေတ္တာရပ်ခံအပ်ပါသည်။

ရွှင်လန်းချမ်းမြေ့ပါစေ

Kachin Alliance

အမေရိကန်ပြည်ထောင်စု